e-NEWSLETTER

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

VOL.3, N0.9
September 2024

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၉/၂၀၂၄)

သြဂုတ်လ ၆ ရက်

၁။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၃) တွင် “လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှုရခွင့်ရှိသည်” ဟု ဖော်ပြထားရှိပါသည်။ အသက်ရှင်သန်ခွင့်သည် လူသားအားလုံး၏ မွေးရာပါ ရရှိခံစားခွင့်ရှိသော အရေးကြီးသည့် မူလအခြေခံအခွင့်အရေးဖြစ်ပြီး မည်သည့်အခြေအနေ၊ အချိန်အခါတွင်မဆို မည်သည့်အကြောင်းရင်းနှင့်မျှ ဖယ်ရှားနုတ်ပယ်၍ မရသော အခွင့်အရေးဖြစ်သည်။

၂။ ယနေ့အချိန်တွင် ကမ္ဘာပေါ်၌ လူသားများ၏ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ် လုံခြုံမှုတို့ကို ထိခိုက်စေသော အကြောင်းအရာများစွာ ဖြစ်ပေါ်နေပြီး မြန်မာနိုင်ငံတွင်လည်း သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့်အပြင် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကို မျက်ကွယ်ပြုကာ ပယောဂအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသော အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးနေကြရကြောင်းနှင့် နေရပ်ဒေသများကို စွန့်ခွာတိမ်းရှောင်နေကြရကြောင်း ကြားသိရပြီး ကျန်ရှိနေကြသည့် ပြည်သူများလည်းရှိကြောင်း သိရှိရပါသည်။

၃။ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားရာ ဒေသများတွင် ကျန်ရှိနေကြသည့် ပြည်သူများနှင့် နေရပ်စွန့်ခွာပြည်သူများသည် အသက်ရှင်သန်ခွင့်အပါအဝင် စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူပုဂ္ဂိုလ်လုံခြုံခွင့် စသည့်မူလအခြေခံ အခွင့်အရေးများစွာ ထိပါးဆုံးရှုံးလျက်ရှိပါသည်။

၄။ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသော ဆေးရုံ ဆေးပေးခန်းများ၊ ပညာသင်ကြားပေးလျက်ရှိသော စာသင်ကျောင်းများ၊ ဘာသာရေး အဆောက်အဦများ၊ လူနေအိမ်များကို တိုက်ခိုက်ခြင်း မပြုကြရန် လိုအပ်ပါသည်။ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများသည် တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးတို့နှင့် ဆန့်ကျင်နေပါသည်။

၅။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ ဖော်ဆောင်နိုင်ရန် ကုလသမဂ္ဂမှ ထုတ်ပြန်ထားသည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ အပြည်ပြည်

## သတင်းအညွှန်း

နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ၌ သင်ခန်းစာသွားရောက်ပို့ချခြင်း
စာ ၄


တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး၊ ဘုရင်နောင်) တို့၌ သင်ခန်းစာပို့ချခြင်း
စာ ၄၊ ၇၊ ၁၁


ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချခြင်း
စာ ၆၊


ကော်မရှင်မှ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးခြင်း
စာ ၇


မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှူခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) ၌ သင်ခန်းစာ သွားရောက်ပို့ချ
စာ ၈


ကော်မရှင်မှ လေ့လော့်အင်းစိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှုအတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေးခြင်း
စာ ၈


အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ) ၌ သင်ခန်းစာ သွားရောက်ပို့ချ
စာ ၁၀


ကော်မရှင်မှ ထန်းတပင်မြို့နယ် မြို့မရဲစခန်းအချုပ်ခန်းနှင့်တရားရုံးအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း
စာ ၁၀


နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်နှင့် အထက်မြန်မာပြည်) တို့၌ ဖွင့်လှစ်လျက်ရှိသောသင်တန်းတွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ
စာ ၁၁၊ ၁၄

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ သင်ခန်းစာ သွားရောက်ပို့ချ
စာ ၁၃

ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များနှင့် ပြည်တွင်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ထိရှလွယ်အုပ်စုများ အပါအဝင် အပြစ်မဲ့ပြည်သူများ၏ အသက်ရှင်သန်ခွင့်နှင့် လုံခြုံခွင့်တို့ကို အလေးအနက်ထား ဝိုင်းဝန်းစောင့်ရှောက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ နေပြည်တော်(ရုံးခွဲ)မှ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနား ကျင်းပပြုလုပ်ခြင်း



သြဂုတ်လ ၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊နေပြည်တော်(ရုံးခွဲ)မှဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအား ၂-၈-၂၀၂၄ ရက်နေ့တွင် ၁၀:၀၀ နာရီအချိန် ကော်မရှင်ရုံးခွဲ အစည်းအဝေးခန်းမ၌ ပျဉ်းမနားမြို့၊ မြို့မစမ်းမြိုင်တိုက်သစ်မှ ဆရာတော် (၃) ပါးကို ပင့်ဖိတ်၍ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ခြင်းနှင့် ပရိတ်တရားတော်နာယူပွဲ ကျင်းပခဲ့ရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမှန်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်နှင့် ကော်မရှင်ရုံးခွဲမှ အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။ ထို့နောက် ဆရာတော် (၃) ပါးအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ နေ့ဆွမ်းများကို ဆပ်ကပ်လှူဒါန်းခဲ့ပါသည်။

## ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၈/၂၀၂၄) ကျင်းပခြင်း



သြဂုတ်လ ၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၄) ကို ၅-၈-၂၀၂၄ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီ အလှည့်ကျ ကော်မရှင် အဖွဲ့ဝင်များ ဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး ၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်း၊ အထူးဖိတ်ကြားထားသူ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## ရှေ့တန်းရောက်တပ်မတော်သားများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း



သြဂုတ်လ ၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ရှေ့တန်းရောက်တပ်မတော်သားများ လူဦးရေ ၁၀၀ စာ ကော်ဖီ (၆၂) ပါကင် (၂) ဖာ၊ ဘီစကစ်မုန့် (၁၀၀) ထုပ် (၅) ဖာ၊ ခေါက်ဆွဲခြောက် အထုတ်သေး (၁၈၀) ထုတ်ပါ (၁၀) ဖာ စသည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ သြဂုတ်လ ၅ ရက်နေ့ ၁၄:၀၀

နာရီအချိန် ရန်ကုန်တိုင်း တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် သွားရောက်ပေးအပ်ခြင်း ဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများကို လက်ခံရယူခဲ့ပါသည်။

## ကော်မရှင်ရုံး၏ လုပ်သက်ပြည့်မီသည့် ဦးစီးအရာရှိများအား လက်ထောက်ညွှန်ကြားရေးမှူး ရာထူးတိုးမြှင့်နိုင်ရေး ညှိနှိုင်းအစည်းအဝေးနှင့် Thematic Paper ခေါင်းစဉ်များ မဲနှိုက်ရွေးချယ်ခြင်းများပြုလုပ်ခြင်း



ဩဂုတ်လ ၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ လုပ်သက်ပြည့်မီသည့် ဦးစီးအရာရှိ အရာထမ်းများအား လက်ထောက်ညွှန်ကြားရေးမှူး ရာထူးတိုးမြှင့်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ၁-၈-၂၀၂၄ ရက်နေ့၊ ၁၀:၃၀ နာရီအချိန် Conference Room တွင် ကျင်းပရာ ဦးစီးအရာရှိများမှ လက်ထောက်ညွှန်ကြားရေးမှူး ရာထူးတိုးမြှင့်ရေး အရည်အချင်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးက အဖွင့်အမှာစကားပြောကြားပါသည်။ ထို့နောက် အရည်အချင်း စစ်ဆေးရေးအဖွဲ့ဝင်များဖြစ်သော ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်နှင့် ဦးတင်အောင်တို့က ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ဦးစီးအရာရှိမှ လက်ထောက်ညွှန်ကြားရေးမှူး ရာထူးတိုးမြှင့်ရေး အရည်အချင်းစစ်ဆေးရေးအဖွဲ့၏ အထောက်အကူပြုအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးနိုင်က ရာထူးတိုးမြှင့်ခြင်းတွင် လိုအပ်သည့် အမှတ်ပေးဇယားများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ရာထူးတိုးမြှင့်နိုင်ရေးတွင် ဝင်ရောက်ဖြေဆိုကြမည့် ဦးစီးအရာရှိ ၁၂ ဦးအတွက် Thematic Paper ခေါင်းစဉ်များ မဲနှိုက်ရွေးချယ်ခြင်းကို ဆက်လက်ပြုလုပ်ခဲ့ပြီး အစည်းအဝေးကို ၁၂:၁၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ကော်မရှင်ရုံးဝန်ထမ်းရေးရာအကြံပေးအဖွဲ့ အစည်းအဝေးကျင်းပခြင်း

ဩဂုတ်လ ၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ကော်မရှင်ရုံးအကြီးအမှူး ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ် ဦးဆောင်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများပါဝင်သော ဝန်ထမ်းရေးရာအကြံပေးအဖွဲ့ အစည်းအဝေးကို ၂-၈-၂၀၂၄ ရက်နေ့၊ ၁၃:၃၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပဆောင်ရွက်ခဲ့ပါသည်။

ဦးစွာဝန်ထမ်းရေးရာအကြံပေးအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ဝန်ထမ်းရေးရာအကြံပေးအဖွဲ့ဝင်များမှ ကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ ကော်မရှင်က စေလွှတ်သည့် သင်တန်းများ အလှည့်ကျ မပျက်မကွက် တက်ရောက်နိုင်ရေးကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ဝန်ထမ်းရေးရာအကြံပေးအဖွဲ့ ခေါင်းဆောင်၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး အစည်းအဝေးအား ၁၄:၄၅ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။



## ကော်မရှင်ရုံးမီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးများလေလွင့်မှုမရှိစေရေး ကော်မရှင်ရုံးတွင်း လိုက်လံကြည့်ရှုစစ်ဆေးခြင်း

သြဂုတ်လ ၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်သည် ၆-၈-၂၀၂၄ ရက်နေ့ ၁၀:၀၀ နာရီအချိန်၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များနှင့်အတူ ကော်မရှင်ရုံးတွင်း မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးအသုံးပြုမှုများ လေလွင့်မှု မရှိစေရေး၊ ကော်မရှင်ရုံးအတွင်း အဆောက်အဦများ သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရေးအတွက် အမျိုးသားအဆောင်၊ အမျိုးသမီးအဆောင်၊ စားချက်ဆောင်များ၊ အဆောက်အဦ အမှတ်(၂)၊ (၂) ထပ်ဆောင်နှင့် ဌာန(၆) ခုတို့ကို အသေးစိတ် လိုက်လံစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။



## နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၌ သင်ခန်းစာသွားရောက်ပို့ချ

သြဂုတ်လ ၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်သည် နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်တွင် ဖွင့်လှစ်လျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းအမှတ်စဉ် (၂၃) သို့ တက်ရောက်လျက်ရှိသောသင်တန်းသားများအား ၈-၈-၂၀၂၄ ရက်နေ့ ၀၈:၀၀ နာရီမှ ၁၁:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ပို့ချရာတွင် လူ့အခွင့်အရေးအခြေခံအယူအဆ၊ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR)၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးယန္တရား၊အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများထူထောင်မှု (Establishment of NHRIs) နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လုပ်ငန်းတာဝန်များ စသည့် ဘာသာရပ် သင်ခန်းစာများအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။သင်တန်းတွင် သင်တန်းသား အရာရှိကြီးများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ သင်ခန်းစာပို့ချ




သြဂုတ်လ ၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၁၆)၊ (၁၁၇) နှင့် ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၂၂၃) တို့သို့ ၇-၈-၂၀၂၄ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့ အ ခွ င့် အ ရေး အ ခြေ ခံ အ ယူ အ ဆ များ အ ကြော င်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်ကြီး (၉) ခု အကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၁၁၆)၊ (၁၁၇) ၌ သင်တန်းသား ဦးရေ ၁၂၄ ဦးနှင့် ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၂၂၃) ၌ သင်တန်းသားဦးရေ ၁၀၇ ဦး၊ စုစုပေါင်း သင်တန်းသားဦးရေ ၂၃၁ ဦး တက်ရောက်ခဲ့ကြပါသည်။

## မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၄) သို့ တက်ရောက်



ဩဂုတ်လ ၈ ရက်

မ သ န် စွ မ်း သူ များ ၏ အ ခွ င့် အ ရေး များ ဆို င် ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၄) ကို ၈-၈-၂၀၂၄ ရက်နေ့၊ နံနက် ၁၀:၀၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ရာ လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်ဥက္ကဋ္ဌနှင့် မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းသည် ပါဝင်တက်ရောက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီကို ၂၀၁၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၂၄ ခုနှစ် မတ်လ (၁၈) ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းထားရှိပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅) နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇) ကို သက်ဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌများ ဦးဆောင်၍ လုပ်ငန်းစီမံချက် (Action Plan) ရေးဆွဲခဲ့ပြီး ၁၅-၂-၂၀၂၄ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းချိထားရှိပြီး ဖြစ်ပါကြောင်းနှင့် လုပ်ငန်းများ အမှန်တကယ် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် အကဲဖြတ်သုံးသပ်ခြင်းများအား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းအသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းလုပ်ငန်းအား အသေးစိတ် စိစစ်နိုင်ရေးအတွက် SOP (မူကြမ်း) ရေးဆွဲနိုင်ရေး Task Force အဖွဲ့အား သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ဘာသာရပ်ဆိုင်ရာပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မသန်စွမ်းသူများဆိုင်ရာ အချက်လက်များ တိကျမှန်ကန်မှု ရှိစေရေးအတွက် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို စီမံကိန်းမြို့နယ် (၁၈) ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ရာစီမံကိန်းနယ်မြေ (၆) ခုတွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် မသန်စွမ်းသူ မှတ်ပုံတင်လက်မှတ် ရ ရှိ ပြီး သူ များ အား မ သ န် စွ မ်း ထော က် ပံ့ ကြေး များ ဆက်လက်ပေးအပ်သွားမည် ဖြစ်ပါကြောင်း၊ မသန်စွမ်းကလေးသူငယ်များအတွက် ပုဂ္ဂလိကအထူးပညာသင်ကျောင်း/ ဌာန (၂၉) ကျောင်းအား တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပြီး အဆိုပါကျောင်းများမှာ မသန်စွမ်း ကလေး

ငယ်များအတွက်ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများအား လေ့ကျင့်သင်ကြား ပေးလျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင်၊ အတွင်းရေးမှူး (၁) ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပြီးလုပ်ငန်းကော်မတီဝင်များကဝိုင်းဝန်း အကြံပြု ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် တင်ဒါကော်မတီ အစည်းအဝေး ကျင်းပခြင်း



ဩဂုတ်လ ၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၏ တင်ဒါကော်မတီအစည်းအဝေးကို ၈-၈-၂၀၂၄ ရက်နေ့၊ ၁၃:၃၀နာရီအချိန် Conference Room တွင် ကျင်းပခဲ့ရာ တင်ဒါကော်မတီ ဥက္ကဋ္ဌ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဒေါက်တာမြင့်သူမြိုင်၊ ကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် သက်ဆိုင်ရာဌာန တာဝန်ခံများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ကော်မတီ ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူရေးအဖွဲ့မှ ဆောင်ရွက်ရမည့်လုပ်ငန်းများကို အဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူး ဦးဇေယျာလင်းက တင်ပြဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာအဖွဲ့ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် အစည်းအဝေး အစီအစဉ်အရ တင်ဒါကော်မတီ ဥက္ကဋ္ဌ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ပြီး အစည်းအဝေးကို ၁၅:၄၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ

ဩဂုတ်လ ၈ ရက်


မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးသူရကျော်သည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်လျက်ရှိသော အမှုစစ် (အရာရှိ) သင်တန်းအမှတ်စဉ် (၈၀/၂၀၂၄) ၌ ၈-၈-၂၀၂၄ ရက်နေ့တွင် ၀၇:၃၀နာရီမှ ၀၉:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်



အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ ၂၀၆ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာပို့ချ




သြဂုတ်လ ၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၉၉)၊ (၁၀၀) တို့သို့ ၈-၈-၂၀၂၄ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီ အချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က လူ့အခွင့်အရေး အခြေခံအယူအဆများအကြောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၉၉)၊ (၁၀၀) တို့၌ စုစုပေါင်း သင်တန်းသားဦးရေ ၂၀၆ ဦး တက်ရောက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးခြင်း





သြဂုတ်လ ၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဒေါက်တာသန်းမြင့်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၉-၈-၂၀၂၄ ရက်နေ့တွင် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ မသန်စွမ်းသက်ငယ် သင်တန်းကျောင်းအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် သင်တန်းကျောင်းအတွင်း လက်ခံစောင့်ရှောက်သင်ကြားပေးလျက်ရှိသောမသန်စွမ်း ကလေးသူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ အစားအစာကျွေးမွေးမှု အခြေအနေ၊ စာသင်ခန်းများထားရှိမှု အခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ မသန်စွမ်းကလေးငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးတိုးတက်ရေး လေ့ကျင့်ပြုစုပေးနေမှု အခြေအနေနှင့် ပညာဆက်လက် သင်ကြားနိုင်ရေး လေ့ကျင့်ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည်ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) ၌ သင်ခန်းစာ သွားရောက်ပို့ချ



ဩဂုတ်လ ၁၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချီခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) တွင် ဖွင့်လှစ်လျက်ရှိသော စုံထောက်(အရာရှိ)သင်တန်း အမှတ်စဉ် (၁၉၅/၂၀၂၄) ၌ ၁၂-၈-၂၀၂၄ ရက်နေ့ ၁၂:၃၀ နာရီမှ ၁၄:၅၅ နာရီအချိန်အထိ လူ့အခွင့်အရေးအသိပညာပေးဘာသာရပ်သင်ခန်းစာများသွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် လူ့အခွင့်အရေးအခြေခံအယူအဆများ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်း၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး အကြောင်းသိကောင်းစရာစသည့် သင်ခန်းစာဘာသာရပ်များ ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ ၁၁၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ လှေလှော်အင်းစိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှု အတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေးခြင်း



ဩဂုတ်လ ၁၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့



ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ၁၄-၈-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊

လှည်းကူးမြို့နယ်ရှိ လေ့လော့်အင်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

လေ့လော့်အင်းစိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှုအတတ်သင်စခန်းအား ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှုအခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ သန့်ရှင်းသောသောက်ရေနှင့်သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ မိသားစုလာရောက် တွေ့ဆုံနိုင်မှုအခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိမှုအခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှု အခြေအနေ၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ လုပ်ငန်းခွင်အတွင်း တာဝန်ပေးအပ်ရာတွင် ခွဲခြားဆက်ဆံမှု ရှိမရှိ အခြေအနေနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ အခြေအနေစသည်တို့ကို မေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသားများကိုလည်း သီးခြားတွေ့ဆုံ မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ သန့်ရှင်းသော သောက်ရေရရှိမှု အခြေအနေ၊ သုံးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ထို့အပြင် အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်စာအုပ်စာပေများကိုကော်မရှင်မှလှူဒါန်းခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။

## ကော်မရှင်၏ ရှေ့လုပ်ငန်းစဉ် မူဘောင်ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း



သြဂုတ်လ ၁၅ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ ရှေ့လုပ်ငန်းစဉ် မူဘောင်ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ သြဂုတ်လ ၁၅ ရက်နေ့ ၁၀:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင်ကျင်းပခဲ့ပါသည်။ အစည်းအဝေးအစီအစဉ်အရ ကော်မရှင်၏ ရှေ့လုပ်ငန်းစဉ် မူဘောင်ရေးဆွဲရေး ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကားပြောကြားပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ကော်မရှင်၏ရှေ့လုပ်ငန်းစဉ် မူဘောင်ရေးဆွဲရေး အဖွဲ့ဝင်၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျော်စိုး၊ ဒေါက်တာတင်မောင်မောင်သန်း၊ ဒေါက်တာမြင့်သူမြိုင်၊ ဦးတင်အောင်၊ ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်၊ ကော်မရှင်၏ ရှေ့လုပ်ငန်းစဉ် မူဘောင်ရေးဆွဲရေး အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် ဌာနတာဝန်ခံများက အကြံပြုဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ၁၂:၁၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေးဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း

ဩဂုတ်လ ၁၉ ရက်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၏ ဖိတ်ကြားချက်အရ နေပြည်တော်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စုပေါင်းခန်းမ၌ ၁၉-၈-၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် “အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေးဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး” သို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ် တက်ရောက်ဆွေးနွေးခဲ့ပါသည်။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ) ၌ သင်ခန်းစာ သွားရောက်ပို့ချ

ဩဂုတ်လ ၁၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ) တွင် ဖွင့်လှစ်လျက်ရှိသော စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၂)/ ဦးစီးအရာရှိများအား စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၄)/ လက်ထောက်ညွှန်ကြားရေးမှူး လုပ်ငန်းအကြို သင်တန်းအမှတ်စဉ် (၂/ ၂၀၂၄) ၌ ၁၉-၈-၂၀၂၄ ရက်နေ့ ၉:၀၀ နာရီမှ ၁၁:၀၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ သင်တန်းတွင် လူ့အခွင့်အရေး အခြေခံ အယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့်သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ ၁၂၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်သည် ထန်းတပင်မြို့နယ်ရှိ မြို့မရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း

ဩဂုတ်လ ၂၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ၂၀-၈-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်ရှိ တရားရုံးအချုပ်ခန်းနှင့် မြို့မရဲစခန်းအချုပ်ခန်းတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မြို့မရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးစဉ် အချုပ်သားများနှင့် တွေ့ဆုံ၍ ရီမန်ကာလနေထိုင်စားသောက်မှုအခြေအနေ၊ အမှုစစ်ဆေးစဉ်ကာလအတွင်း ညှင်းပန်းနှိပ်စက်ခံရမှု ရှိ မရှိ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှုအခြေအနေ၊ တရားရုံးတွင် အမှုရင်ဆိုင်ရန် ရုံးထုတ်အချိန်အတွင်း စားသောက်ရမှု အခြေအနေ၊ အချုပ်ခန်းအတွင်း





မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု ရှိ မရှိ၊ အကျိုးဆောင်ရှေ့နေနှင့် တွေ့ဆုံခွင့်ရရှိမှု အခြေအနေတို့အား ကြည့်ရှုစစ်ဆေး မေးမြန်းခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ

ဩဂုတ်လ ၂၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်ဝင်းသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော အခြေခံပညာဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၀၆) သို့ ၂၀-၈-၂၀၂၄ ရက်နေ့ ၀၈:၀၀ နာရီမှ ၁၁:၅၀ နာရီအချိန်ထိ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများကို သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းသို့ ဆရာ၊ ဆရာမ စုစုပေါင်း ၃၉၃ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတက် ရောက်လာသူများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။



## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာပို့ချ



ဩဂုတ်လ ၂၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်း အမှတ်စဉ် (၅၇) သို့ ၂၁-၈-၂၀၂၄ ရက်နေ့ ၀၇:၄၀ နာရီမှ ၁၀:၄၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။အဆိုပါသင်တန်းတွင်ကော်မရှင်အဖွဲ့ဝင်ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေးအခြေခံ အယူအဆများအကြောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့ လူ့ အခွင့်အရေး ကြေညာစာတမ်း အကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်ကြီး (၉) ခု အကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းစသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ရင်းမှူး သင်တန်း အမှတ်စဉ် (၅၇) ၌ သင်တန်းသားဦးရေ ၅၉ ဦး တက်ရောက်ခဲ့ကြပါသည်။

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အစည်းအဝေးတက်ရောက်ခြင်း

ဩဂုတ်လ ၂၂ ရက်

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင်ဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးသည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့တွင်ပါဝင်လျက်ရှိရာ ၂၂-၈-၂၀၂၄ ရက်နေ့ ကျင်းပပြုလုပ်ခဲ့သည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၄) သို့ Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ပြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ကော်မရှင်မှ တိုင်တန်းချက် လက်ခံ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်း တင်ပြခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များနှင့် ဆက်စပ်၍ အကြံပြုဆွေးနွေးခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ရုံးခွဲများမှ ရုံးခွဲတာဝန်ခံများအား လမ်းညွှန်အမှာစကားပြောကြားခြင်း



ဩဂုတ်လ ၂၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်သည် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့၊ ၁၀:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကော်မရှင်(ရုံးခွဲ) များမှ ရုံးခွဲတာဝန်ခံများအား တွေ့ဆုံခဲ့ပါသည်။ အစည်းအဝေးတွင် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက်တက်ရောက်လာသည့် ဌာနတာဝန်ခံများက ရုံးခွဲအသီးသီးမှ ရုံးခွဲတာဝန်ခံများကို လိုအပ်သည်များ မှာကြားပါသည်။ ထို့နောက် စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန၊ ညွှန်ကြားရေးမှူး ဦးရဲနောင်လွင်က ရုံးခွဲအားလုံးတွင် ထားရှိရမည့် မှတ်တမ်းစာအုပ်များ၊ လယ်ဂျာများ၊ ဖိုင်များစာရင်းကို ပြုစုဆောင်ရွက်နိုင်ရေး မှာကြားပြီး အစည်းအဝေးကို ၁၁:၄၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ကော်မရှင်ရုံးမီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးများလေလွင့်မှုမရှိစေရေး၊ အဆောက်အဦများ ကော်မရှင်ဥက္ကဋ္ဌ လိုက်လံကြည့်ရှုစစ်ဆေးခြင်း

ဩဂုတ်လ ၂၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ကော်မရှင်ဥက္ကဋ္ဌဦးပေါ်လွင်စိန်သည် ၂၃-၈-၂၀၂၄ရက်နေ့ ၁၀:၀၀ နာရီအချိန်၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေး



